# 3 နေထိုင်စားသောက်ရေးအတွက် အခြေခံဝန်ဆောင်မှုများ

## 3-2 ဂတ်စ်

### (1) "မြို့ဂတ်စ်" နှင့် "LPဂတ်စ်"

အိမ်သုံးဂတ်စ်မှာ "မြို့ဂတ်စ်" နှင့် "အိမ်သုံးLPဂတ်စ်(propane gas)" ရှိသည်။ နှစ်မျိုးအတွက်သုံးသည့် စက်ကိရိယာမတူပါ။ "မြို့ဂတ်စ်"စက်ကိရိယာကို "LPဂတ်စ်"အတွက်မှာ သုံး၍မရနိုင်သလို "LPဂတ်စ်" စက်ကိရိယာကို "မြို့ဂတ်စ်"အတွက်မှာ သုံး၍မရနိုင်ပါ။ ဂတ်စ်အမျိုးအစားကို သေချာမှတ်ကာ ကိုက်ညီသော စက်ကိရိယာကိုသာ အသုံးပြုပါ။ စက်ကိရိယာအသစ်ဝယ်သည့်အခါ (သို့) အိမ်ပြောင်းရွှေ့လာသည့်အခါ သေချာစွာ ဂတ်စ်အမျိုးအစားကို လေ့လာပါ။

ဂတ်စ်ခကို ပေးသွင်းသည့်နည်းသည့် လျှပ်စစ်ဓာတ်အားခပေးသွင်းသည့်နည်းအတိုင်းဖြစ်သည်။

### (2) ဂတ်စ် စတင်အသုံးပြုနည်း။

ဂတ်စ်ငွေ･･･ မြို့ဂတ်စ်ကိုစတင်အသုံးပြုမည့်ဆိုလျှင် ဂတ်စ်ကုမ္ပဏီအားစသုံးမည့်ရက်ကို အကြောင်းကြားပါ။ ဝန်ထမ်းလာ၍ ဂတ်စ်မီတာဖွင့်ကာ ဂတ်စ်သုံးကိရိယာကို စစ်ဆေးပြီး အသုံးပြုနည်းကို ရှင်းပြပေးမည်။

LPဂတ်စ်･･･ နေအိမ်မှာ LPဂတ်စ်သုံးကိရိယာရှိပါက ဂတ်စ်ရောင်းဆိုင်အား ဂတ်စ်စသုံးကြောင်းကို လျှောက်ရမည်။ မြို့ဂတ်စ်ကဲ့သို့ ဝန်ထမ်းလာ၍ ဂတ်စ်သုံးကိရိယာကို စစ်ဆေးပြီး အသုံးပြုနည်းကို ရှင်းပြပေးမည်။

### (3) ဂတ်စ်ယိုခြင်း

ဂတ်စ်ယိုသည့်လက္ခဏာသည် ဂတ်စ်အနံ့ထွက်ခြင်း၊ ဂတ်စ်မီးဖိုမှာ မီးလိမ္မော်ရောင်ထွက်ခြင်း၊ ဂတ်စ်ကိရိယာအသုံးပြုချိန် အနံ့ဆိုးထွက်ခြင်း စသည့်များဖြစ်သည်။ ၎င်းများသည် ဂတ်စ်ယိုခြင်း၏လက္ခဏာဖြစ်သည်။ မီးလောင်တတ်သောကြောင့် ဂတ်စ်ယိုနေသည်ကို သတိထားမိလျှင် အောက်ပါအတိုင်းဆောင်ရွက်ပါ။

1. ဂတ်စ်အဆို့ကိုပိတ်ကာ ပြူတင်းပေါက်ကိုဖွင့်မည်။

2. မီးနှင့်လျှပ်စစ်ပစ္စည်းကို ပိတ်မည်။

3. ဂတ်စ်ကုမ္ပဏီကို အကြောင်းကြားမည်။

ဂတစ်ယိုခြင်းစသည့်အရေးပေါ်အခြေအနေများတွင် ပျာယာခတ်မသွားအောင် ကြိုတင်ဂတ်စ်ကုမ္ပဏီ၏ဖုန်းနံပါတ်ကို မြင်သာသောနေရာမှာ ကပ်ထားပါ။

**(4) ဂတ်စ်အသုံးပြုခြင်းကို ရပ်စဲ(အိမ်ပြောင်း)မည်ဆိုလျှင်**

မိမိနိုင်ငံသို့ပြန်သွားမည့်အခါ (သို့) အိမ်ပြောင်းမည့်အခါ တတ်နိုင်သလောက်စောလျင်စွာ ဂတ်စ်ကုမ္ပဏီအား အသုံးရပ်စဲမည့် ရက်ကို အသိပေးအကြောင်းကြားပါ။ ဂန်ထမ်းလာ၍ ဂတ်စ်မီတာပိတ် စာရင်းရှင်းရန် စီစဉ်ပေးမည်။

●ဂတ်စ်အသုံးပြုခြင်းလက်စွဲ

| | | |
|---|---|---|
| **စတင်အသုံးပြုရန်** | ･မြို့ဂတ်စ်။။ဂတ်စ်ကုမ္ပဏီအား စတင်အသုံးပြုမည့်ရက်ကို အကြောင်းကြားလျှင် ဂန်ထမ်းလာ၍ ဂတ်စ်မီတာဖွင့်ပေးမည်။<br>･LPဂတ်စ်။။LPဂတ်စ်ရောင်းဆိုင်ကို ဆက်သွယ် စတင်အသုံးပြုကြောင်းလျှောက်မည်။ | |
| **ဂတ်စ်ယိုလာလျှင်** | ဂတ်စ်ယိုခြင်းလက္ခဏာ | ဂတ်စ်အနံ့ထွက်သည်။<br>ဂတ်စ်မီးဖိုမှာ မီးလိမ္မော်ရောင်ထွက်သည်။<br>ဂတ်စ်ကိရိယာအသုံးပြုသည့်အခါ အနံ့ဆိုးထွက်သည်။ |
| | ဖြေရှင်းနည်းလမ်း | 1 ဂတ်စ်အဆို့ကိုပိတ်ကာ ပြူတင်းပေါက်ကိုဖွင့်မည်။<br>2 ဂတ်စ်အဆို့ကိုပိတ်ကာ ပြူတင်းပေါက်ကိုဖွင့်မည်။<br>3 ဂတ်စ်ကုမ္ပဏီကို အကြောင်းကြားမည်။ |
| **ရပ်စဲ(အိမ်ပြောင်း)မည်ဆိုလျှင်** | စောစီးစွာ ဂတ်စ်ကုမ္ပဏီအား အသုံးရပ်စဲမည့်ရက်ကို အကြောင်းကြားပါ။ | |